## ဓမ္မခန္ဓာ (၇၂) ပုတုဇဉ်များ (အလ်–ဂျင်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၄၀)၊ သုတ်ဒေသနာ (၂၈)ပါး၊

ဦးဗွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **قُلْ أُوحِيَ إِلَيَّ أَنَّهُ اسْتَمَعَ نَفَرٌ مِّنَ الْجِنِّ فَقَالُوا إِنَّا سَمِعْنَا قُرْآنًا عَجَبًا** ۞<br>ဟောလော့ "ကျွန်ုပ်ထံသို့ အာရုံစျာန်ကိန်းသက်သည်မှာ– ပုတုဇဉ်များမှ တစ်စုသည် ကြားနာကြလျှက်– ပြောကြသည်မှာ–[၁၀၈၇]"ကျွန်ုပ်တို့သည် အလွန်အံ့သြဘွယ်ကောင်းသော ကုရ်အာန်အား ကြားနာခဲ့ရ၏။– |
| ၂။ | **يَهْدِي إِلَى الرُّشْدِ فَآمَنَّا بِهِ وَلَن نُّشْرِكَ بِرَبِّنَا أَحَدًا** ۞<br>၎င်းသည် ဖြောင့်မတ်ပြတ်သားမှု ဆီသို့ လမ်းညွှန်၏။ ကျွန်ုပ်တို့သည် ၎င်းကို ယုံကြည်ပါပြီ။ ကျွန်ုပ်တို့သည် ကံကြမ္မာရှင်နှင့် တစ်စုံတစ်ခုကိုသော်မျှ ရောပြွန်းကိုးကွယ်မည် မဟုတ်တော့ချေ။– |
| ၃။<br>☆ဖ း၁၀၁ | **وَأَنَّهُ تَعَالَى جَدُّ رَبِّنَا مَا اتَّخَذَ صَاحِبَةً وَلَا وَلَدًا** ۞<br>အရှင်သည် အမြင့်မြတ်ဆုံး ဖြစ်တော်မူ၍၊ ဘုန်းဂုဏ်အနန္တ ကံကြမ္မာရှင် ဖြစ်၏။ အရှင်သည် ကြင်ယာကြင်ဘက် သားသမီး ယူထားခြင်း မရှိချေ။☆ |
| ၄။<br>ပညာမဲ့ | **وَأَنَّهُ كَانَ يَقُولُ سَفِيهُنَا عَلَى اللَّهِ شَطَطًا** ۞<br>ကျွန်ုပ်တို့အနက် **တုံးအသူ**တို့က "ပရမတ်ဘုရားရှင်နှင့် စပ်လျှဉ်း၍ အကြီးအကျယ်လိမ်ညာ ပြောဆိုကြ၏။ |
| ၅။ | **وَأَنَّا ظَنَنَّا أَن لَّن تَقُولَ الْإِنسُ وَالْجِنُّ عَلَى اللَّهِ كَذِبًا** ۞<br>တဖန် လူသားနှင့် ပုတုဇဉ်တို့သည် ပရမတ်ဘုရားရှင်နှင့် စပ်လျှဉ်း၍ ငြင်းဆန်ကြမည် မဟုတ်ဟု ကျွန်ုပ်တို့ ထင်ခဲ့၏။ |
| ၆။ | **وَأَنَّهُ كَانَ رِجَالٌ مِّنَ الْإِنسِ يَعُوذُونَ بِرِجَالٍ مِّنَ الْجِنِّ فَزَادُوهُمْ رَهَقًا** ۞<br>လူသားများမှ လူတို့သည် ပုတုဇဉ်များမှ လူတို့ထံတွင် ခိုလှုံလိုလေ့ရှိကြ၏။ သို့ဖြင့် စော်ကားမော်ကားပြုရာ၌ ၎င်းတို့ကို တွန်းအားပေးသလို ဖြစ်နေ၏။[၁၀၈၈] |

---

**(၁၀၈၇) ဂျင်**– ဆိုသည်မှာ လူသားပင် ဖြစ်ကြောင်း ဖ း၁၀၀ တွင် ရှင်းပြခဲ့ပြီး ဖြစ်သည်။ ၄ဖ း၂၉–၃၀ တွင် ဂျူးလူမျိုးများကိုလည်း ဂျင် ဟု ပြောဆိုထား၍၊ ဤသုတ်တော်တွင်မူ ခရစ်ယာန်များကိုလည်း **ဂျင်** ဟု သုံးစွဲ ပြောဆိုပေသည်။ ထိုအချက်ကို သုတ်တော် ၃ ပါ ပရမတ်ဘုရားရှင်သည် ကြင်ယာ ကြင်ဘက်မရှိ၊ သားသမီးမရှိဟု ကြေငြာခြင်းက ထောက်ပြထားပေသည်။ ဆိုလိုသည်မှာ သူတို့သည် ကုရ်အာန်ကျမ်းတော်ကို မကြားနာရမီက "ကိုယ်တော်ယေရှုအား– ဘုရားသားတော်၊"ဟု ရင့်ကျူးခဲ့ရာမှ– ကုရ်အာန်ကျမ်းတော်အား ကြားနာရသော အခါ အမှန်ကို သိလာ၍ သူတို့ လူမျိုးများထံသို့ ပြန်သွားလျှက်– ဘုရားရှင်ဟူသည် ကြင်ယာကြင်ဘက်မရှိ၊ သားသမီးမရှိ– အတုလ်အတုမရှိဟု ကြွေးကြော်ခြင်း ဖြစ်ပေသည်။

**(၁၀၈၈) အင်ဆန်** လူသားနှင့် **ဂျင်** ပုတုဇဉ် ဆိုသည်မှာ အသုံးအနှုန်းအရ ခွဲခြား ပြောဆိုခြင်း ဖြစ်၍၊ **ကလျာဏပုတုဇဉ်**နှင့် **အန္ဓပုတုဇဉ်**ကို ခေါ်ဆိုခြင်း ဖြစ်သည်။ မိမိနှင့် ဆက်နွယ်ပတ်သက်သော လူသားမျိုးနွယ်အား **အင်ဆန်**ဟု သုံးလျှက်– မိမိနှင့် တစ်စိမ်းကဲ့သို့ ဖြစ်နေသော သူသားမျိုးနွယ်ကို **ဂျင်**ဟု သုံးခြင်းသာ ဖြစ်၏။ လူဟူသော ဂုဏ်သတ္တိတွင် ကွာဟခြင်း မရှိချေ။ အုပ်စုတိုင်းတွင် လူဆိုး၊ လူကောင်း၊ သူတော်စင်၊ သူယုတ်မာများ ရှိနိုင်ပေသည်။ ထိုအချက်ကို သုတ်တော် (၄) ပါ ပုတုဇဉ်များအနက် ဉာဏ်ပညာ အမဲ့ဆုံးသူများက—ဟု အဓိပ္ပါယ်ကို ပေးသော "ကျွန်ုပ်တို့အနက် တုံးအသူတို့က–––––––။"ဟူသည့် ဝါကျက ဂျင်ခေါ် ပုတုဇဉ်များအတွင်းတွင်လည်း အသိဉာဏ်မဲ့သူ၊ အသိဉာဏ်ရှိသူများ ရှိကြောင်းကို ထောက်ပြထားပေသည်။ ထို့ပြင် ဤသုတ်တော်မှ "လူသားများမှ **လူတို့သည်** ပုတုဇဉ်များမှ **လူတို့ထံတွင်** ခိုလှုံလိုလေ့ရှိကြ၏။"

| | |
|---|---|
| ၇။ | وَأَنَّهُمْ ظَنُّوا كَمَا ظَنَنتُمْ أَن لَّن يَبْعَثَ اللَّهُ أَحَدًا<br>၎င်းတို့က ထင်ကြသည်မှာ ပရမတ်ဘုရားရှင်သည် တစ်စုံတစ်ယောက်ကိုမျှ ရှင်ပြန်နိုးကြွစေမည် မဟုတ်ဟု သင်တို့ ထင်သကဲ့သို့ ဖြစ်၍– |
| ၈။ | وَأَنَّا لَمَسْنَا السَّمَاء فَوَجَدْنَاهَا مُلِئَتْ حَرَسًا شَدِيدًا وَشُهُبًا<br>ကျွန်ုပ်တို့သည် ကောင်းကင်ယံကို ထိတွေ့ကြ၏။ သို့သော် ၎င်းသည် ပြတ်သားသော အစောင့်များ၊ မီးဒုံးများဖြင့် ဖြည့်ဆီးထားသည်ကို ကျွန်ုပ်တို့ တွေ့ရ၏။[၁၀၈၉] |
| ၉။ | وَأَنَّا كُنَّا نَقْعُدُ مِنْهَا مَقَاعِدَ لِلسَّمْعِ فَمَن يَسْتَمِعِ الْآنَ يَجِدْ لَهُ شِهَابًا رَّصَدًا<br>ကျွန်ုပ်တို့သည် ထိုမှ ထိုင်ရာတို့တွင် နားထောင်ရန် ထိုင်ခဲ့ကြ၏။ သို့သော် ယခု နားထောင်သူ– သူ့အတွက် စောင့်နေသော မီးဒုံးကိုသာ တွေ့ရ၏။ |
| ၁၀။ | وَأَنَّا لَا نَدْرِي أَشَرٌّ أُرِيدَ بِمَن فِي الْأَرْضِ أَمْ أَرَادَ بِهِمْ رَبُّهُمْ رَشَدًا<br>မြေကမ္ဘာ၌ ရှိသူတို့အတွက် အဆိုးကို ဖြစ်လိုသလော၊ သို့မဟုတ် ကံကြမ္မာရှင်က ဖြောင့်မှန်ပြတ်သားစေလိုသလော– ကျွန်ုပ်တို့ မတွေးမြင်တတ်ချေ။ |
| ၁၁။ | وَأَنَّا مِنَّا الصَّالِحُونَ وَمِنَّا دُونَ ذَلِكَ كُنَّا طَرَائِقَ قِدَدًا<br>ကျွန်ုပ်တို့မှ ပြုပြင်ပြောင်းလဲသူများ ရှိကြ၍၊ ယင်းမှ အတိုက်အခံများလည်း ရှိလျှက်– ကျွန်ုပ်တို့သည် အုပ်စု ကွဲပြားနေကြ၏။ |
| ၁၂။ | وَأَنَّا ظَنَنَّا أَن لَّن نُّعجِزَ اللَّهَ فِي الْأَرْضِ وَلَن نُّعْجِزَهُ هَرَبًا<br>ပရမတ်ဘုရားရှင်ထံမှ ကင်းလွတ်ရာဟု မြေကမ္ဘာ၌ မရှိချေ၊ ထွက်ပြေး ကင်းလွတ်ရာဟုလည်း မရှိချေဟု ကျွန်ုပ် တွေးသိထား၏။ |
| ၁၃။ | وَأَنَّا لَمَّا سَمِعْنَا الْهُدَى آمَنَّا بِهِ فَمَن يُؤْمِن بِرَبِّهِ فَلَا يَخَافُ بَخْسًا وَلَا رَهَقًا<br>ကျွန်ုပ်တို့သည် လမ်းညွှန်တရားကို ကြားနာရ၍၊ ထို၌ ယုံကြည်၏။ ကံကြမ္မာရှင်အား ယုံကြည်သူသည် ဆုံးရှုံးရခြင်း မတရားခံရခြင်းကို ကြောက်ရွံ့နေသည် မဟုတ်ချေ။ |
| ၁၄။ | وَأَنَّا مِنَّا الْمُسْلِمُونَ وَمِنَّا الْقَاسِطُونَ فَمَنْ أَسْلَمَ فَأُوْلَئِكَ تَحَرَّوْا رَشَدًا<br>ကျွန်ုပ်တို့၌ ငြိမ်းချမ်းရေးဝါဒီတို့ ရှိ၍– အလိုက်သင့်နေသူများလည်း ရှိ၏။ ငြိမ်းချမ်းရေးပြုသူ– ထိုသူတို့သည် ဖြောင့်မတ်ပြတ်သားသော ရည်ရွယ်ချက်၌ ရှိ၏။ |
| ၁၅။ | وَأَمَّا الْقَاسِطُونَ فَكَانُوا لِجَهَنَّمَ حَطَبًا |

ဆိုသည်မှာ– မိမိလူမျိုးတူ လူစုထဲမှ မိမိအား ဆန့်ကျင်ရေးသမားများက အခြားလူမျိုးစုမှ ဆန့်ကျင်ရေးသမားများနှင့် မဟာမိတ်ဖွဲ့ရန် လိုလားလေ့ရှိကြောင်းကို ပြောဆိုခြင်း ဖြစ်ပေသည်။ ထိုအချက်ကို "သို့ဖြင့် စော်ကားမော်ကားပြုရာ၌ ၎င်းတို့ကို တွန်းအားပေးသလို ဖြစ်နေ၏၊"ဟူသော နောက်ဆက်ဝါကျက ရှင်းလင်း ထားပေသည်။ မတရားပြုလိုသူချင်း ကြောထောက်နောက်ခံပြု၍၊ အချင်းချင်း ခိုလှုံ၍ သူတစ်ပါးအား စော်ကားမော်ကား ပြုလုပ်ရန် ပိုမို အင်အားတည်ဆောက်ခြင်း ဖြစ်ပေသ်ည။

**(၁၀၈၉)** ဤသုတ်တော်က "ကောင်းကင်ယံကို ထိတွေ့ကြ၏၊-------။" ဆိုသည်မှာ– သူတို့အနေဖြင့် ကောင်းကင်နိုင်ငံတော်ဟု ခေါ်သော နိဗ္ဗာန်ဘုံ အကြောင်း တရားနာဘူးကြောင်း– သို့သော် ထိုကောင်းကင်နိုင်ငံတော်ကို ရောက်နိုင်ရန် နည်းလမ်းများကို ဘာသာရေး ဆရာတော်များက မောင်ပိုင် စီးလျှက် နောက်လိုက်တို့အား ဓမ္မသတ်မျိုးစုံဖြင့် အပွေးသပ်နေကြောင်းကို ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုအချက်ကို သုတ်တော် (၉) က တိကျစွာ ပြန်လည်ထောက်ပြထားပေသည်။ မီးဒုံးများ မီးလက်နက်များ ဆိုသည်မှာ သူတစ်ပါးအား စွပ်စွဲ ပုတ်ခတ်သော ဓမ္မသတ်များကို ဆိုလိုပေသည်။

| | |
|---|---|
| | အလိုက်သင့်နေသော သူတို့သည်ကာား ငရဲဘုံအတွက် ထင်းများသာ ဖြစ်ကြ၏။ |
| ၁၆။ | **وَأَلَّوِ اسْتَقَامُوا عَلَى الطَّرِيقَةِ لَأَسْقَيْنَاهُم مَّاء غَدَقًا**۞<br>အကယ်၍ သူတို့သည် လမ်းတော်ပေါ်၌ ဆက်လက် ရပ်တည်လျှင်၊ ငါသည် သူတို့အား ဖောဖောသီသီ ရေလျှံစေလတ္တံ့။[၁၀၉၀] |
| ၁၇။ | **لِنَفْتِنَهُمْ فِيهِ وَمَن يُعْرِضْ عَن ذِكْرِ رَبِّهِ يَسْلُكْهُ عَذَابًا صَعَدًا**۞<br>ငါသည် ၎င်း၌ စမ်းသပ်တော်မူနိုင်၏၊ ကံကြမ္မာရှင်အား သတိရရှုမှတ်ခြင်းမှ လွှဲဖယ်သွားသောသူ၊ ထိုသူအား ကြီးထွားနေသော ဝဋ်ကြွေးသို့ သွပ်သွင်းတော်မူလတ္တံ့။ |
| ၁၈။ | **وَأَنَّ الْمَسَاجِدَ لِلَّهِ فَلَا تَدْعُوا مَعَ اللَّهِ أَحَدًا**۞<br>ဝတ်ပြုကျောင်းတော်များသည် ပရမတ်ဘုရားရှင်အတို့ ဖြစ်၏။ သို့ဖြစ်၍ ပရမတ်ဘုရားနှင့် တဂိုဏ်းတည်းထား၍ တစ်ဦးတစ်ယေက်ထံမျှ ဆုမတောင်းကြလင့်။ |
| ၁၉။ | **وَأَنَّهُ لَمَّا قَامَ عَبْدُ اللَّهِ يَدْعُوهُ كَادُوا يَكُونُونَ عَلَيْهِ لِبَدًا**۞<br>ကေန်ပင် ပရမတ်ဘုရားရှင်၏ အမှုတော်ဆောင်သည် အရှင်ထံ၌သာ ဆုတောင်းသောအခါ၊ သူ့အား ဝိုင်းညှပ်လုမတတ် ဖြစ်ကြကုန်၏။ |
| ၂၀။ | **قُلْ إِنَّمَا أَدْعُو رَبِّي وَلَا أُشْرِكُ بِهِ أَحَدًا**۞<br>ဟောလော့ "ကျွန်ုပ်သည် ကံကြမ္မာရှင်ထံ၌သာ ဆုတောင်း၏၊ အရှင်နှင့် တစ်စုံတစ်ဦးကိုမျှ ရောပြွန်းမကိုးကွယ်ချေ။" |
| ၂၁။ | **قُلْ إِنِّي لَا أَمْلِكُ لَكُمْ ضَرًّا وَلَا رَشَدًا**۞<br>ဟောလော့ "သင်တို့အား ဥပါဒ်ထိသက်စေရန်၊ ဖြောင့်မှန်ပြတ်သားစေရန် အခွင့်အာဏာ ကျွန်ုပ်တွင် မရှိချေ။" |
| ၂၂။ | **قُلْ إِنِّي لَن يُجِيرَنِي مِنَ اللَّهِ أَحَدٌ وَلَنْ أَجِدَ مِن دُونِهِ مُلْتَحَدًا**۞<br>ဟောလော့ "ကျွန်ုပ်အား ပရမတ်ဘုရားရှင်ထံမှ လွတ်ကင်းရန်ပြုနိုင်သူ တစ်စုံတစ်ယောက်မျှ မရှိ၊ ကျွန်ုပ်သည်လည်း အရှင်မှအပ ခိုကိုးရာကို မတွေ့ချေ။ |
| ၂၃။ | **إِلَّا بَلَاغًا مِّنَ اللَّهِ وَرِسَالَاتِهِ وَمَن يَعْصِ اللَّهَ وَرَسُولَهُ فَإِنَّ لَهُ نَارَ جَهَنَّمَ خَالِدِينَ فِيهَا أَبَدًا**۞<br>ကျွန်ုပ်တွင်ကား ပရမတ်ဘုရားရှင်ထံမှ၊– ထို့ပြင် အရှင်၏ စေစားခြင်းကို ရင့်သန်စေရန်သာ ရှိ၏။ ပရမတ်ဘုရားရှင်နှင့် အရှင့် ဥဇာက်စဉ်တော်ဆောင်အား အာခံသောသူ၊ ကေန်ပင် သူ့အတွက် ငရဲဘုံ၏ အပူမီးသာ ရှိ၍၊ ထို၌ ထာဝရကာလမဲ့ ခံစားရမည်တည်း။" |
| ၂၄။ | **حَتَّى إِذَا رَأَوْا مَا يُوعَدُونَ فَسَيَعْلَمُونَ مَنْ أَضْعَفُ نَاصِرًا وَأَقَلُّ عَدَدًا**۞<br>သူတို့အား ကတိထားသည့် အရာအား မြင်တွေ့ရသော  အချိန်သို့ ဆိုက်သော် မည်သူသည် ကူညီမည့်သူ အားနည်းကြောင်း၊ အရေအတွက် နည်းပါးကြောင်းကို သိကြရလတ္တံ့။ |
| ၂၅။ | **قُلْ إِنْ أَدْرِي أَقَرِيبٌ مَّا تُوعَدُونَ أَمْ يَجْعَلُ لَهُ رَبِّي أَمَدًا**۞<br>ဟောလော့ "ကတိပေးထားရာသည် နီးကပ်လာနေသလော၊ သို့မဟုတ် ကံကြမ္မာရှင်က ရွှေ့ဆိုင်းပေးထားသလော၊ ကျွန်ုပ် မတွေးသိနိုင်ချေ၊– |

**(၁၀၉၀)** ဖေါ်ဖေါ်သီသီ ရေလျှံစေမည် ဆိုခြင်းမှာ ဥစ္စာပစ္စည်း ပေါများကြွယ်ဝစေမည်ဟု ပြောဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၂၆။ | **عَالِمُ الْغَيْبِ فَلَا يُظْهِرُ عَلَى غَيْبِهِ أَحَدًا ۞**<br>အရှင်သည် စက္ခုလွန်ကို သိနေတော်မူ၏။ မည်သူတစ်ဦးကိုမျှ စက္ခုလွန်အကြောင်း ထင်ရှားဖွင့်ဖေါ်မပေးသည်မှာ– |
| ၂၇။ | **إِلَّا مَنِ ارْتَضَى مِن رَّسُولٍ فَإِنَّهُ يَسْلُكُ مِن بَيْنِ يَدَيْهِ وَمِنْ خَلْفِهِ رَصَدًا ۞**<br>အရှင်က ကြေနပ်နှစ်သက်သော ဥာဏ်စဉ်တော်ဆောင်မှ အပ ဖြစ်၏။ အရှင်သည် သူ၏ ရှေ့မှောက် သူ့ နောက်ပိုင်း၌ အစောင့်အကြပ် ထားရှိတော်မူသည်မှာ– |
| ၂၈။ | **لِيَعْلَمَ أَن قَدْ أَبْلَغُوا رِسَالَاتِ رَبِّهِمْ وَأَحَاطَ بِمَا لَدَيْهِمْ وَأَحْصَى كُلَّ شَيْءٍ عَدَدًا ۞**<br>ကံကြမ္မာရှင်၏ စေစားချက်အား ရှင့်သန်စေမှု ရှိကြောင်းကို သိစေရန် ဖြစ်၏။ အရှင်သည် သူတို့၏ လက်ရှိကို ဝိုင်းရံထားတော်မူ၏။ အရှင်သည် အမှတ်စဉ်အားလုံးကို ရေတွက်နေတော်မူ၏။ |